အထူးကိုယ်စားလှယ်လွှဲအပ်ခြင်း(Special Power of Attorney)

(၁) လျှောက်ထားသူနှင့်လွှဲအပ်မည့်သူတို့၏ မှတ်ပုံတင်(မိတ္တူ)များ၊

(၂) လျှောက်ထားသူနှင့်လွှဲအပ်မည့်သူတို့၏ အိမ်ထောင်စုစာရင်း(မိတ္တူ)များ၊

(၃) လျှောက်ထားသူ၏ ကိုယ်ရေးလျှောက်လွှာ၊

(၄) လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက် (CV)၊

(၅) လျှောက်ထားသူ၏ သက်တမ်းရှိ နိုင်ငံကူးလက်မှတ်(မူရင်းနှင့်မိတ္တူ)၊

(၆) လျှောက်ထားသူ၏ ဂျပန်နိုင်ငံတွင် နေထိုင်ခွင့်ကတ်ပြား(ဇိုင်းနျူကတ်)(မူရင်းနှင့် မိတ္တူ)

(၇) လျှောက်ထားသူ၏ ဂျပန်နိုင်ငံတွင် နေထိုင်ကြောင်း အထောက်အထား(ဂျူမီရှော)

(မူရင်းနှင့်မိတ္တူ)၊

(၈) လျှောက်ထားမည့်သူမှ မြန်မာသံရုံးတွင် အခွန်ထမ်းဆောင်ခဲ့သည့် အထောက်အထား စာရွက်(အလုပ်လုပ်ကိုင်နေသူဖြစ်ပါက)၊ ကျောင်းထောက်ခံစာ/ကျောင်းသားကတ်မိတ္တူ (ကျောင်းသားဖြစ်ပါက)

(၉) လွှဲအပ်မည့်သူသည် မြန်မာနိုင်ငံတွင် သက်ရှိထင်ရှားနေထိုင်လျက်ရှိကြောင်း ရပ်ကွက် ထောက်ခံစာ(မူရင်း)၊

(၁၀) လက်မှတ်ရေးထိုးမည့် Special Power (အထူးကပ်တံဆိပ်ကောင်းပါရှိရပါမည်။)

(မှတ်ချက်။ သံရုံးမှ စိစစ်မှုပြုလုပ်ပြီး၍ လျှောက်ထားသူ၏ လက်မှတ်ရေးထိုးမှုအား သံရုံး၏ ကောင်စစ်အရာရှိရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြောင်း ထောက်ခံချက်ရရှိပြီးပါက မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတွင်ရုံးတွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်ဖြစ်ပါသည်။)

(၁၁) လျှောက်ထားသူ၏ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံတံဆိပ်ကောင်း အက်ဥပဒေအပါအဝင် သက်ဆိုင်ရာ အခွန်ဥပဒေများနှင့်အညီ ကျသင့်သည့်အခွန်များ ထမ်းဆောင်ပြီးကြောင်း အထောက်အထား၊

(၁၂) သံရုံးမှလိုအပ်ချက်အရ ထပ်မံတောင်းခံသည့် စာရွက်စာတမ်းများ၊

(၁၃) လျှောက်ထားသူကိုယ်တိုင် လာရောက်လျှောက်ထားရပါမည်၊

(၁၄) လျှောက်ထားသူဘက်မှ အသိသက်သေ(၁)ဦးအဖြစ် လိုက်ပါဆောင်ရွက်မည့်ပုဂ္ဂိုလ်၏ သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်၊ ဂျပန်နိုင်ငံတွင် နေထိုင်ခွင့်ကတ်ပြား၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ။